# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၈/၈၉)

၁၃၅၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေတွင်—

(က) နိဒါန်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၅ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၃)၊ ပုဒ်မ ၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) နှင့် ပုဒ်မ ၇ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၃) တို့ကို ပယ်ဖျက်ရမည်၊

(ခ) ပုဒ်မ ၃ ပုဒ်မခွဲ (ဂ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ဂ) နိုင်ငံအကျိုးကိုရှေးရှုလျက်အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားပေးရန်အတွက် အခြေခံများ ချမှတ်ပေးရန်၊

(ဂ) ပုဒ်မ ၅ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (၇)၊ (၁၀)၊ (၁၂) နှင့် (၁၃) တို့ကို အောက်ပါပုဒ်မခွဲငယ်များဖြင့် အစားထိုးရမည်—

(၇) ညွှန်ကြားရေးမှူးချုပ်၊ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာန .... အဖွဲ့ဝင်

(၁၀) ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ .... အဖွဲ့ဝင်

(၁၂) ညွှန်ကြားရေးမှူး (စီမံ၊ ဘဏ္ဍာ)၊ အခြေခံပညာဦးစီးဌာန .... အတွင်းရေးမှူး

(၁၃) ဒုတိယညွှန်ကြားရေးမှူး (စီမံ)၊ အခြေခံပညာဦးစီးဌာန .... တွဲဖက်အတွင်းရေးမှူး

(ဃ) ပုဒ်မ ၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၅)၊ (၆) နှင့် (၉) တို့ကို အောက်ပါပုဒ်မခွဲငယ်များဖြင့် အစားထိုးရမည်—

(၅) ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ... အဖွဲ့ဝင်

(၆) စာတည်းမှူးချုပ်၊ မြန်မာစာအဖွဲ့ဦးစီးဌာန .... အဖွဲ့ဝင်

(၉) ညွှန်ကြားရေးမှူး (စီမံ၊ ဘဏ္ဍာ)၊ အခြေခံပညာဦးစီးဌာန .... အဖွဲ့ဝင်

(င) ပုဒ်မ ၇ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၄) ကို အောက်ပါ ပုဒ်မခွဲငယ်ဖြင့် အစားထိုးရမည်—

(၄) ဥက္ကဋ္ဌ၊ .... အဖွဲ့ဝင်
ပြည်ထောင်စုမြန်မာနိုင်ငံ
ပညာရေးသုတေသနအဖွဲ့